FDHs အတွက်

# ဟောင်ကောင်တွင် အလုပ်ရှင်ပြောင်းခြင်း




- နိုင်ငံရပ်ခြား အိမ်အကူများ (FDHs) သည် ဟောင်ကောင်တွင် အလုပ်လုပ်နေစဉ် ၎င်းတို့၏ **နှစ်နှစ် အလုပ်သဘောတူစာချုပ်**ကို ပြီးမြောက်စွာ လုပ်ကိုင်ရန် မျှော်လင့်ထားပါသည်။



- FDH တစ်ဦးသည် **၎င်း၏ မူလနေရပ်သို့ ဦးစွာ ပြန်ပြီးနောက်** လူဝင်မှုကြီးကြပ်ရေးဌာနသို့ အလုပ်ဗီဇာ လျှောက်လွှာ အသစ်အား တင်သွင်းပြီး အလုပ်ရှင်ပြောင်းလဲရန်အတွက် လျှောက်ထားနိုင်ပါသည်။



- မူလအလုပ်ရှင်၏ အပြောင်းအရွှေ့၊ ရွှေ့ပြောင်းမှု၊ သေဆုံးမှု သို့မဟုတ် ငွေရေးကြေးရေးဆိုင်ရာ အကြောင်းပြချက်များ သို့မဟုတ် FDH မှ ကြုံတွေ့ရသော အလွဲသုံးစားပြုခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခံရခြင်းကဲ့သို့သော **ထူးခြားသည့် အခြေအနေများတွင်** FDHs သည် **ဟောင်ကောင်မှ ထွက်ခွာရန် မလိုအပ်ဘဲ အလုပ်ရှင်အပြောင်းအလဲ အတွက် လျှောက်ထားနိုင်ပါသည်။**

- FDH တစ်ဦးသည် **အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူ စာချုပ်တွင် သက်တမ်းမကုန်မီ စာချုပ်အားရပ်စဲရန် အစီအစဉ်များကို အလွဲသုံးစားလုပ်သည်ဟု** သံသယရှိခဲ့ ရပါက ဟောင်ကောင်တွင် အလုပ်လုပ်ရန်အတွက် ၎င်း၏ ဗီဇာ လျှောက်လွှာသည် **ငြင်းပယ်**ခံရနိုင်ပါသည်။

(Myanmar version)

FDHs အတွက်

# အလုပ်အကိုင် အေဂျင်စီများနှင့် ဆက်ဆံခြင်း



- ဟောင်ကောင်တွင် လည်ပတ်နေသည့် အလုပ်အကိုင် အေဂျင်စီများ (EAs) သည် **အလုပ်သမားဦးစီးဌာနမှ ထုတ်ပေးသည့် တရားဝင်လိုင်စင်ကို** ပိုင်ဆိုင်ထားရပါမည်။ အလုပ်အကိုင် အေဂျင်စီများလမ်းညွှန်ဝဘ်ဆိုဒ် (www.eaa.labour.gov.hk) တွင် ကြည့်ရှုစစ်ဆေးပါ။

- ဟောင်ကောင်တွင် EA သည် နိုင်ငံရပ်ခြားအိမ်အကူထံမှ **ပထမဦးဆုံးရရှိသော လုပ်အားခ၏ 10% ထက်မပိုသော ကော်မရှင်ကိုသာ** ကောက်ခံခွင့်ရှိပါသည်။




- ကော်မရှင်ကို **တစ်ကြိမ်သာကောက်ခံနိုင်ပြီး** လုပ်အားခမှ နုတ်ယူခြင်းမပြုရ။



- ကော်မရှင်အား ပေးဆောင်ပြီးနောက် **EA ထံမှ ပြေစာကို ရယူရန်** မမေ့ရ။

FDHs
အတွက်

# စုံစမ်းမေးမြန်းမှုများနှင့် အကူအညီများအတွက် ချန်နယ်များ



- အရေးပေါ်အခြေအနေ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု ကြုံရပါက **"999" သို့ ချက်ချင်းဖုန်းဆက်ပြီး ရဲတပ်ဖွဲ့ကို** အကြောင်းကြားသင့် ပါသည်။

- အလုပ်ဗီဇာလျှောက်ထားခြင်း၊ စာချုပ်သက်တမ်းတိုးခြင်း၊ နေထိုင်ခွင့်သက်တမ်းတိုးခြင်း၊ စာချုပ်ရပ်စဲခြင်းဆိုင်ရာ သတိပေးချက်များနှင့် ပက်သက်၍ **လူဝင်မှုကြီးကြပ်ရေးဌာန 2824 6111** သို့ ဖုန်းခေါ်ဆိုပါ။






- အလုပ်ခန့်ထားရေးနှင့် ပက်သက်သည့် ကိစ္စရပ်များအတွက် **အလုပ်သမားဦးစီးဌာန 2157 9537** သို့ ဖုန်းခေါ်ဆိုပါ။

- အလုပ်အကိုင်အေဂျင်စီနှင့်ပတ်သက်၍ ပြဿနာရှိပါက **အလုပ်သမားဦးစီးဌာန၏ အလုပ်အကိုင် အေဂျင်စီများ စီမံခန့်ခွဲရေးအဖွဲ့ 2115 3667** သို့ ဖုန်းခေါ်ဆိုပါ။



FDHs အတွက်

# ငွေကြေးစီမံခန့်ခွဲမှု

- **ကောင်းမွန်သော ငွေကြေးစီမံခန့်ခွဲမှု အလေ့အကျင့်များကို** မွေးမြူခြင်းသည် (ဥပမာ - ငွေစုသည့် အလေ့အကျင့်) နိုင်ငံရပ်ခြား အိမ်အကူများ (FDHs) ကို ငွေကြေးဆိုင်ရာ ဖိစီးမှုမှ ကာကွယ်နိုင်ပါသည်။

- FDHs သည် **ချေးငွေများထုတ်ယူကာ အလွန်အကျွံချေးငှား သုံးစွဲခြင်း မပြုသင့်ပါ။**

- FDHs သည် ၎င်းတို့၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များတွင် **အလုပ်အကိုင် အေဂျင်စီများကို ပါဝင်ခွင့်မပြုသင့်ပါ။**

- ချေးငွေထုတ်ခြင်းအား ရှောင်လွှဲမရပါက FDHs သည် မိမိကိုယ်ကို ကာကွယ်ရန် **ငွေချေးငှားသူများ၏ စည်းမျဉ်း စည်းကမ်းများကို ဂရုပြု**သင့်ပါသည်။

FDHs အတွက်

# ဆေးဘက်ဆိုင်ရာ ကာကွယ်မှုနှင့် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုအတွက် လျော်ကြေး



- နိုင်ငံရပ်ခြားအိမ်အကူများ (FDHs) ကို ဟောင်ကောင်တွင် အလုပ်လုပ်နေစဉ် ကာလတစ်လျှောက်လုံး (ဟောင်ကောင် ပြင်ပသို့ ရောက်ရှိနေသည့် အားလပ်ရက်များမှလွဲ၍) တွင် **အခမဲ့ ဆေးဝါးကုသခံယူမှု**ကို ပေးသင့်ပါသည်။

- အလုပ်ရှင်များသည် အလုပ်ခန့်ထားရေးဆိုင်ရာ ဥပဒေနှင့်အညီ အရည်အချင်းပြည့်မီသော FDHs ကို **ဖျားနာထောက်ပံ့ကြေး** ပေးရပါမည်။





- FDHs ကို **အလုပ်သမားများ၏ လျော်ကြေးဥပဒေအရ အကာအကွယ်ပေးထားသည်။** လုပ်ငန်းခွင်အတွင်း ထိခိုက် ဒဏ်ရာရရှိမှုနှင့်ပတ်သက်၍ FDHs သည် အလုပ်ရှင်များကို တတ်နိုင်သမျှအမြန်ဆုံး အကြောင်းကြားသင့်ပါသည်။